# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူးအပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 February 2026 ၁၂၁၀၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပပြီးစီး**

စာမျက်နှာ » ၃

**နိုင်ငံနှင့် လူမျိုး၊ ဒေသအကျိုးအတွက် အသိတရားများ နိုးကြားစေလို ...**

ဆောင်းပါး စာမျက်နှာ » ၆

**မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်**

စာမျက်နှာ » ၈




ရွှေတိဂုံစေတီတော်(၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ ကျင်းပစဉ်။

# ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေတိဂုံစေတီတော်(၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။


စာမျက်နှာ ၄ ကော်လံ ၅ သို့ ○





ကြေးမုံ

# လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာတွင် "ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန်လိုအပ်ပါသည်" ဟု ဖော်ပြထားသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကိုပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းသည် နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှသည်ကို သတိပြုဖို့လိုသည်။ ယနေ့ကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ်တွင် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အစမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်လာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း ဖြစ်ပေါ်လာသည့် မတည်မငြိမ်ဖြစ်မှုကို အခွင့်ကောင်းယူကာ တည်ငြိမ်အေးချမ်းလျက်ရှိသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး နယ်မြေနှင့်အာဏာချဲ့ထွင်ရန် လုပ်ဆောင်လာခဲ့သည်။

ထိုဖြစ်စဉ်များကြောင့် နယ်မြေဒေသအချို့၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ထိခိုက်ဆုံးရှုံးနစ်နာခဲ့ရသကဲ့သို့ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့လျက်ရှိသည်ကို အားလုံးမြင်တွေ့ကြားသိနေရသည်။ ထိခိုက်ပျက်စီးဆုံးရှုံးမှုမှန်သမျှသည် နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သောအရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများဖြစ်သည်။ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများ၏ ဒုက္ခအခက်အခဲများမှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေသည့်အချိန်တွင် ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးကာ နိုင်ငံတော်၏အင်အားကို လျော့ပါးစေပြီး ရှေ့သို့မတက်နိုင်သည့်အပြင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်များစွာရယူတည်ဆောက် အကောင်အထည်ဖော်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ဆိုးကျိုးများဖြစ်ပေါ်စေသည့် အကြမ်းဖက်သောင်းကျန်းမှုများပပျောက်ပြီး ဒေသအားလုံးတည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူသည့်အချိန်မှစ၍ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်ပြီး နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်လျက်ရှိသည်။ PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အမျိုးမျိုးကို ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် တံခါးဖွင့်ပေးထားသည်။

သို့ဖြစ်ရာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လုံခြုံစိတ်ချစေရေးအတွက် အရေးကြီးသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ Myanmar’s Cars and Spare Parts Biggest Expo 2026 ပြပွဲဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Myanmar’s Cars and Spare Parts Biggest Expo 2026 ပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။




"ကျွန်တော်တို့ မြန်မာနိုင်ငံရှိ ကားလုပ်ငန်းရှင်များ၊ ကားချစ်သူများနှင့် Automotive Industry ကို စိတ်ဝင်စားသူများအားလုံးအတွက် အခုလိုတစ်နေရာတည်းတွင် မြန်မာ့မော်တော်ကားလောက၏ အနာဂတ်သစ်များကို ကိုယ်တိုင်ကြည့်ရှုလေ့လာနိုင်စေရန်၊ နည်းပညာအဆင့်မြင့်ပြီး အရည်အသွေးမြင့်မားသော နောက်ဆုံးပေါ်ကားများနှင့် Automotive Accessories များကို ဈေးနှုန်းသင့်တင့်စွာဖြင့် သေချာစိစစ်လေ့လာရွေးချယ် ဝယ်ယူနိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်" ဟု အောင်ကိုကို (SPEC Event Company) က ပြောသည်။

**စုံလင်စွာပြသ**

ပြပွဲကြီးတွင် နိုင်ငံတွင်း ထိပ်တန်းကုမ္ပဏီများနှင့် နာမည်ကြီးအမှတ်တံဆိပ်များဖြစ်ကြသော KIA၊ BAIC – AGB Motor၊ JMC တို့အပြင် Great Big Boss၊ Takhon Lin Latt စသည့်ကုမ္ပဏီများမှ Brand New EV Cars များ၊ Fuel Cars များ၊ Used Cars များသာမက အရည်အသွေးမြင့် Spare Parts နှင့် Automotive Accessories ထိပ်တန်းအမှတ်တံဆိပ်များကို စုံလင်စွာ ပြသပေးထားကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးနှင့် စာစစ်ဌာန မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို)စာစစ်ဌာန အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တပ်နယ်မြေသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ ဆက်)

## ၂၁ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၂ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၁,၁၅၃ | ၉,၈၀၇,၈၀၀ |
| MTSH | ၄,၃၀၀ | ၄,၃၀၀ | ၁၇ | ၇၃,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၅၀၀ | ၉ | ၇၂,၅၀၀ |
| FPB | ၃,၁၀၀ | ၃,၁၀၀ | ၉၆၄ | ၂,၉၈၈,၄၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၂၃၀ | ၆၉၀,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၆၁၃ | ၉၈၁,၁၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၁၅၀ | ၃,၀၅၀ | ၉၁၁ | ၂,၇၇၈,၈၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁၃ | ၃၅,၁၀၀ |
| ASPGB(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ နိဂမနဩဝါဒကထာ

[ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်) စနေနေ့]

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ထက်သန်တက်ကြွသော သာသနာပြုစိတ်ဓာတ် အပြည့်အဝထားကာ ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၄ ရက်(၁၉-၂-၂၀၁၆) ရက်နေ့မှစ၍ ကျင်းပခဲ့သော နဝမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးသည် ဤနေ့ ဤရက် ဤအချိန် အခါသမယတွင် ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ ဆရာတော် အရှင်မြတ်တို့၏ ကြီးမားသော လုံ့လဥဿာဟဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်ချီးမြှောက်တော်မူခြင်း၊ အစည်းအဝေးကြီးသို့ မကြွရောက်နိုင်ကြသော ဆရာတော်အရှင်မြတ်တို့က သဘောတူဆန္ဒ ပေးတော်မူကြခြင်း၊ သက်တော်ရှည် သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများကလည်းဩဝါဒကထာများ မိန့်ကြားချီးမြှင့်တော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ အဖြာဖြာသော သာသနာ့ကိစ္စတို့ကို လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ နိုင်ငံတော် သံဃဝိနိစ္ဆယ၊ နိုင်ငံတော်သီးခြား သံဃဝိနိစ္ဆယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စုံစမ်းရေး စသော ကျရာတာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို အပြုသဘောဖြင့် ဝေဖန်ဆွေးနွေး အကြံပေးကာ အတည်ပြုပေးတော်မူကြခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော အရာထမ်း၊ အမှုထမ်းများက အစည်းအဝေးကြီး ပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ ဥပဋ္ဌာကများက ကြိုဆိုပင့်ဆောင်ရေး၊ နေရာထိုင်ခင်း ပြင်ဆင်ချထားရေး၊ ဝေယျာဝစ္စဆောင်ရွက်ရေး စသည်တို့ကို အဘက်ဘက်က မလစ်ဟင်းရလေအောင် ဆောင်ရွက်ပေးခြင်း၊ စေတနာရှင် ဆွမ်းဒါယကာ ဒါယိကာမများက ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းထောက်ပံ့ပေးခြင်း၊ လုံခြုံရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးကအစ အားလုံးတာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခြင်း စသော အထောက်အပံ့များကို အပြည့်အဝရရှိခြင်းကြောင့်သာလျှင် ယခုလို ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ဤအစည်းအဝေးကြီး ချောမောအောင်မြင်အောင် အဘက်ဘက်က အားပေးချီးမြှောက် ထောက်ပံ့ကြသော ရဟန်းရှင်လူ အားလုံးတို့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ ယခုလို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တစ်နှစ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များက လေးလတစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက တာဝန်ကျအဖွဲ့ခွဲဝင် ဆရာတော်များက တစ်ပတ်တစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို အညီအညွတ် ဆောင်ရွက်နေသရွေ့ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခု အပရိဟာနိယ ဒေသနာတော်နှင့်လွန်စွာ ညီညွတ်သောကြောင့်သာသနာတော်မဆုတ်ယုတ်ကြောင်း၊ သာသနာတော် တည်တံ့ကြောင်းဖြစ်သည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်း ပါတကားဟု ဆင်ခြင်ကာ လွန်စွာအားရနှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား။

ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ် အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ သတင်းမှန်များကို မကြားရသည့်အတွက် မည်သည့်ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် သာသနာတော်နှင့် မအပ်စပ်သည့် အမှုများကို ကျူးလွန်နေကြသည် စသည်တို့ကို မကြားမသိနိုင်ကြောင်း၊ ပါပဘိက္ခုများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍အုပ်စုဖွဲ့ကာ သာသနာတော်ဆုတ်ယုတ်ကြောင်း အမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်မလပ် စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် ပါပဘိက္ခုများ အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ တိမ်းရှောင်ကြရကြောင်းစသည်ဖြင့် ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်များ မပြတ်မလပ် စည်းဝေးခြင်းကြောင့် သာသနာတော်တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြထားပါသည်ဘုရား။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၁၄) သို့ဖြစ်၍ ဆရာတော်တို့ သံဃာ့အစည်းအဝေးများသို့ မပျက်မကွက်တက်ရောက်တော်မူကြ၍ အညီအညွတ်ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော သာသနာရေး၊ ဝိနိစ္ဆယရေး၊ ပညာရေး စသော သာသနာတော်ကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခန်း(၂)၊ အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ၊ အပိုဒ်ခွဲ(ဆ)၌ “သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ဆောင်ရွက်ကြရန်ဖြစ်သည်”ဟု ပြဆိုထားပါသည်ဘုရား။ ဤရည်ရွယ်ချက်သည် အလွန်အရေးကြီးပါသည်။ သံဃာ့ဂိုဏ်းများ အချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သူ့ဂိုဏ်းကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏ အလိုကို အခြားဂိုဏ်းတစ်ပါးက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဤသို့ သာသနာတော်အတွက် အစည်းအဝေးကြီးများ ကျင်းပသည့်အခါတိုင်း စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေး အကြံဉာဏ်များပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့အခြေခံဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြသည့်အခါ၌လည်း မိမိတို့အခြေခံဒေသရှိ ရပ်/ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းဝင် ဆရာတော်များနှင့် ညီညီညာညာလက်တွဲ၍ အမြဲရှင်သန်ထက်မြက်နေသော သာသနာပြုစိတ်ဓာတ်ဖြင့် သာသနာတော်ကြီး သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် သံဃာတော်များ တည်ငြိမ်အေးချမ်းစွာ ပရိယတ်၊ ပဋိပတ်တရားများ အားထုတ်နိုင်အောင် ဒါယကာ၊ ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေး၊ အသိဉာဏ် တိုးတက်မြင့်မား၍ သာသနာတော်အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူခြင်း စသည်တို့ဖြင့်လည်းကောင်း၊ လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုတော်မူကြပါဟု ပန်ကြားလျှောက်ထားရင်း တပည့်တော်၏ နိဂမနဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အစည်းအဝေးသို့နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၂၄ ပါးတို့အား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဆေကိန္ဒတက္ကသိုလ်နှင့် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်တို့ကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။**(အပေါ်ပုံ)**

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလ ဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်း ဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

**(ဥက္ကဋ္ဌဆရာတော်ကြီး၏ နိဂုံးချုပ် ဥယျောဇနကထာကို သီးခြားဖော်ပြထားပါသည်)**

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက **“ဇယန္တော ဗောဓိယာ မူလေ”** အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး **“သာဓု”** သုံးကြိမ် ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ထမ်းဟောင်းများအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စက်မှုဝန်ထမ်းဟောင်းများအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့တွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကကြီးများ၊ အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အသင်းသား အသင်းသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ထမ်းဟောင်းအသင်းကို ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်တွင် အသင်းသား ၆၅၃ ဦးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင်နာယက နှစ်ဦး၊အလုပ်အမှုဆောင်အဖွဲ့ ၁၇ဦး၊ အသင်းသား ၉၆၅၁ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အတွက် အထူးဝမ်းသာ ဂုဏ်ယူမိပါကြောင်း၊ အသင်းကြီးအား နိုင်ငံတော်စက်မှုလက်မှုကဏ္ဍတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရေး၊ ဝန်ထမ်းဟောင်းများ၏ သာရေး/နာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကိုထောက်ပံ့ပေးရန်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းစတင်တည်ထောင်စဉ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၁၂ နှစ်တာ ကာလအတွင်း ကျန်းမာရေးနှင့် နာရေးကိစ္စရပ်များအတွက် အသင်းသား ၃၉၅၆ ဦးကို ထောက်ပံ့ငွေကျပ် ၄၁၁၆၅၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ အသင်းဝင်များသည် စက်မှုဝန်ကြီးဌာနတွင် နှစ်ရှည်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အကြံပြုချက်များဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အသင်း၏ လိုအပ်ချက်များကိုလည်း တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ထမ်းဟောင်းအသင်းနာယကများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း)များနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားခြင်း၊ အသင်းအတွင်းရေးမှူးက ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ရှင်းလင်းခြင်း၊ အမှုဆောင်အသစ်များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ပုသိမ် ဖေဖော်ဝါရီ ၂၁

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ မြန်အောင်မြို့နယ် အင်ပင်တိုက်နယ်ရှိ ဒေသခံပြည်သူများအား ဟသ်ာတမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ မြန်အောင်မြို့နယ် အင်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဟသ်ာတမြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်နှင့် အထူးကုဆရာဝန်များ ပါဝင်သော ကျန်းမာရေး ဝန်ထမ်းများက ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လာရောက်ကုသသော ဒေသခံပြည်သူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အင်္ဂပူမြို့နယ် ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 သင်ဆရာ ဆရာမများ၊ Grade-12 ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးနှင့် စပ်လျဉ်း၍ မှာကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် အင်္ဂပူမြို့နယ် ထူးကြီးမြို့ဝါဆိုမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဦးသုဇာတအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ ဟသ်ာတမြို့နယ် တလုတ္တောဲမြို့ တောင်သူ ဦးမောင်ရှင် စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်း နှင့် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ တောင်သူ ဦးကြည်မြင့် စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နတ်မောက်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

နတ်မောက် ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာန အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)တွင် မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးလုံခြုံရေး စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရောမင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးမော်၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနမန်နေဂျာ ဦးအောင်ကျော်ကျော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် ကာကွယ်ပြင်ဆင်ထားပုံများ၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူး အရန်သင့်ထားရှိမှုများ၊ မီးသတ်ရေကန်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးလောင်မှုမီးလန့်မှုမဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

**လှဝင်း**

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီ လျာထားကေထက် ကေ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်

ကျွန်းလှ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ သီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးမှုအနေဖြင့် ပဲမျိုးစုံ ၂၁၈၉၆ ဧက၊ ဆီထွက်သီးနှံ ဧက ၃၅၂၈၀၊ စားဖိုဆောင်သီးနှံ ကိုးဧက၊ အခြားသီးနှံစုံ ၃၇၁၇ ဧက စုစုပေါင်း ၆၀၉၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်းလှမြို့နယ်မှာ သီးနှံမျိုးစုံစိုက်ပျိုးဖို့ ၅၇၃၃၆ ဧကလျာထားသော်လည်း ၃၅၆၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး သီးထပ်၊ သီးညှပ်နဲ့ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ သီးနှံမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



○ ရှေ့ဖုံးမှ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက နှစ်ကျိပ်ရှစ်ဆူဘုရားများကိုရှေးဟောင်းဗုဒ္ဓရုပ်ပွားများတန်ဆောင်းစုရပ်မှ စတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား တစ်ပတ်လှည့်လည်ပူဇော်၍ ချမ်းသာကြီးတန်ဆောင်းအတွင်း ပင့်ဆောင်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် (၂၆၁၄) နှစ် မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက သီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကျင်းပရေးနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးသောင်းစိန်ဦးက ဗုဒ္ဓပူဇနီယ မင်္ဂလာအဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ဆီမီးထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များက မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်း အသင့်နေရာယူထားသောသံဃာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကိုအသံမစဲဆက်လက်ရွတ်ဖတ်ပူဇော်သည်။

ရွှေတိဂုံစေတီတော် (၂၆၁၄) နှစ်မြောက် ဗုဒ္ဓ ပူဇနီယတပေါင်းပွဲတော် မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂ ရက်အထိ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ် - သတင်းစဉ်**

❑ ကျောဖုံးမှ

ဤသို့သော ဥပဒေအစီအမံများနှင့်အတူ အမျိုးသားအဆင့်ယန္တရားများ ဖွဲ့စည်းခြင်း၊ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကဏ္ဍအလိုက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီများကို ဖွဲ့စည်းပြီး ဒေသအလိုက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) ၂၄ နာရီ Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ လက်နက်ကိုင်ပဋိပက္ခအတွင်း မဟုတ်သော်လည်း ပြည်သူလူထုက တိုင်ကြားလာသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို လက်ခံစစ်ဆေးကာ ဥပဒေအရ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC) များကိုလည်း တိုင်းနှင့် ပြည်နယ်များအနှံ့တွင် ဖွင့်လှစ်ထားပြီး လိုအပ်သောစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အသိပညာပေးမှုအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် ဂျီနီဗာကွန်ဗင်းရှင်း ၄ ရပ်ပါ စစ်ပွဲဆိုင်ရာ ဥပဒေသများနှင့် အရပ်သားများအပေါ် အကာကွယ်ပေးရေး ပြဋ္ဌာန်းချက်များနှင့် လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတို့ကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဟောပြောပွဲများ၊ အသိပညာပေးစကားဝိုင်းများ ကျင်းပပေးလျက်ရှိသည်။ ရာဇသတ်ကြီးပါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ပြီး အစိုးရပိုင်မီဒီယာများမှတစ်ဆင့် ဆက်လက်ထုတ်လွှင့်လျက်ရှိသည်။

အထက်ပါဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရအဆက်ဆက် ဆောင်ရွက်လာသည့် လုပ်ငန်းစဉ်များပင်ဖြစ်ပြီး လိင်အကြမ်းဖက်မှုတိုက်ဖျက်ရေးအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကို သက်သေထူလျက်ရှိသည်။

သို့ရာတွင် ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင် အတည်မပြုနိုင်သော သတင်းအချက်အလက်များနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကဲ့သို့သော ယန္တရားများမှ တစ်ဖက်သတ် စွပ်စွဲချက်များကိုသာ မှီငြမ်းထားကြောင်း တွေ့ရှိရသည်။ ယင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေရန် ရည်ရွယ်သည့် နိုင်ငံရေးဖိအားပေးမှု သက်သက်သာဖြစ်သဖြင့် အဆိုပါထုတ်ပြန်ချက်အား မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်သကဲ့သို့ ထုတ်ပြန်ချက်အား ကန့်ကွက်ပယ်ချသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများ (vulnerable group) ၏ အခွင့်အရေးနှင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ယုံကြည်လက်ခံနိုင်သော ထုတ်ပြန်ချက်များကိုသာ ထုတ်ပြန်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ဘက်မလိုက်ဘဲ အပြုသဘောဆောင်သော ချဉ်းကပ်မှုမျိုးဖြင့်သာ ဆက်ဆံဆောင်ရွက်ရန် မြန်မာနိုင်ငံက တိုက်တွန်းသည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**
**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

# ဘားအံမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းနှစ်မျိုး၏ သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းနှစ်မျိုး၏ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ ကန်သာဦးဟိုတယ်ခန်းမ၌ ကျင်းပသည်။





သင်တန်းဆင်းပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ် ဘားအံမြို့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ ၌ ပေးအပ်ချီးမြှင့်သည့် အာဆီယံခရီးသွားစံနှုန်းဆုတစ်ခုဖြစ်သည့် အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်ဆု (ASEAN Clean Tourist City Award) ကို ရရှိခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့သင်တန်းကို တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်မည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ကောင်းမွန်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးပြီး မိမိတို့ဒေသရှိ ခရီးစဉ်နေရာများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာလှပစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ကန်သာဦးဟိုတယ်၊ Hotel Karen Valley၊ Zwekapin Valley Spa Resort & Spa Hotel နှင့် စိုက်ပျိုးရေးကို အခြေခံသောခရီးသွားလုပ်ငန်း Kawt MaYan Resort တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဟိုတယ်ဝန်ဆောင်မှုကောင်းမွန်စေရန်အတွက် အလေးထားဆောင်ရွက်ကြရန်၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ကြရန်၊ ဟိုတယ်တွင် လာရောက်တည်းခိုကြသော ဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးအတွက် ဂရုပြုကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ကရင်ပြည်နယ်သည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော ဒေသခံများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှနေရာများ များစွာရှိသည့်အတွက် ၎င်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ကရင်ပြည်နယ် လူငယ်စင်တာသို့ သွားရောက်ပြီး ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသည့် "လူငယ်နှင့် ခေါင်းဆောင်မှု" လူငယ်စကားဝိုင်း၊ နွေရာသီ စားပွဲတင်တင်းနစ်သင်တန်း၊ စစ်တုရင်သင်တန်း၊ ကျောင်းပေါင်းစုံတယောသင်တန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းရှိ အိပ်ဆောင်များ၊ အိမ်တွင်းမှုခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ပန်းချီသင်တန်း၊ အကခန်း၊ ဘုရားခန်းများသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် GYM အားကစားခန်းမ၊ စားပွဲတင်တင်းနစ် အားကစားခန်းမနှင့် ဖူဆယ်အားကစားရုံ၊ ဖူဆယ်အားကစားရုံတွင် နွေရာသီ ဖူဆယ်ဘောလုံးသင်တန်းဖွင့်လှစ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နည်းပြများအားတွေ့ဆုံ၍ ကရင်ပြည်နယ် ဖူဆယ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်တက်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံခရိုင်ရှိ အောင်သံလွင်ဘောလုံးကွင်းအားကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းတွင်းခြံစည်းရိုး (Inner Fencing)ကို အမြဲတမ်းတောက်ပနေစေရန် ထုံး၊ ကော်ရည်နှင့် ဆေးများဖြင့် သုတ်လိမ်းသွားရန်လိုကြောင်း၊ အမြဲစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းမှုရှိစေရေးအတွက် သစ်ပင်ချုံနွယ်များကို နေ့စဉ်သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်၍ ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်နယ်ကွင်းအဆင့်မီအောင် လုပ်ရမည်ဖြစ်ကြောင်း၊ ရေစင်များကို သန့်ရှင်းအောင်ထားရှိရန်လိုကြောင်း၊ အများပြည်သူများ လာရောက်လေ့ကျင့် ကစားချင်စိတ်ဖြစ်စေရေးအတွက် အစဉ်အမြဲသာယာလှပအောင် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၃)စိုက်ပျိုး/မွေးမြူရေးစခန်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အင်းစိန်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ နေခြည်နွေးနှင့် အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာခင်ခင်ကြီးတို့က တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ဇီဝလုံခြုံမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ကြသည့် ဒေသခံတောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံနှင့် လူမျိုး၊ ဒေသအကျိုးအတွက် အသိတရားများ နိုးကြားစေလို .....

မြင့်စိုး(နတလ)

### လက်ကမ်း၍ ကြိုပါမည်

၁၉၉၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သော ဆောင်းပါးတစ်ပုဒ်ဖြင့် စာပေနယ်သို့ ကျွန်တော် စတင်ဝင်ရောက်ခဲ့သည်။ ထိုစဉ်ကရေးခဲ့သော ဆောင်းပါး၏အမည်မှာ **"လက်ကမ်း၍ကြိုပါမည်"** ဟူ၍ဖြစ်၏။ မည်သူတို့ကို လက်ကမ်း၍ ကြိုခဲ့ပါသနည်း၊ မည်သည့်အဖွဲ့အစည်းကို ဇောစေတနာရည်သန်၍ ရေးခဲ့ပါသနည်း ဆိုရပါမူ ဦးခွန်ဆာ ခေါင်းဆောင်သည့် MTA ခေါ် လွယ်မော်လက်နက်ကိုင်အဖွဲ့အား ဖိတ်ခေါ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ တပ်မတော်သားဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဦးခွန်ဆာ၏ မွေးရပ်ဇာတိဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ နောင်လိုင်ကျေးရွာ၌ စခန်းထိုင်ခဲ့ဖူးသည်။

နောင်လိုင်ဆိုသည်မှာလည်း ၁၉၇၇ ခုနှစ်အချိန်ကာလက ဗိုလ်မှူး သီဟသူရ သိန်းထွန်းတင်၏ ပွိုင့် ၆၀၄၁ တောင်ကုန်းတိုက်ပွဲနှင့် ဆက်စပ်နေသော နာမည်ကျော်စခန်းတစ်ခု ဖြစ်သည်။ အားမနာတမ်းပြောရလျှင် နောင်လိုင်တစ်ရွာလုံး လွယ်မော်အမျိုးချည်း ဖြစ်လို့နေပါတော့သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း စည်းရုံးရေးသဘောအရ သူတို့နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ တန့်ယန်းဒေသတွင် နေထိုင်လှုပ်ရှားသွားလာခဲ့စဉ်အတွင်း လွယ်မော်ကာကွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းသည်မှအစ ၁၉၆၄ ခုနှစ်တွင် တောခိုပြီး အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ တန့်ယန်းရဲစခန်းကို ဝင်ရောက်ပစ်ခတ်ခြင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းများကအလယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ထိုင်းနယ်စပ်အနီးရှိဟိုမိန်းဒေသ၌ MTA ဌာနချုပ်ပြုလုပ်၍နေထိုင်ကြသည်ကအဆုံး အားလုံးလေ့လာသိရှိခဲ့ရသည်။

၁၉၉၁ ခုနှစ်၌ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ထိုစဉ်က အဆိုပါရုံးနှင့် ကကပြည်(ခေါ်) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကို ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အောင်သိန်း တစ်ဦးတည်းက ကွပ်ကဲနေသဖြင့် ကကပြည်၊ ကကနယ် ဌာနအချင်းချင်း အလွန်ရင်းနှီးခဲ့ကြသည်။ ကကပြည်မှာ စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦး (ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး -ကွယ်လွန်)၊ ပျဉ်းမနားမြင့်လှိုင် (ဗိုလ်ကြီးမြင့်လှိုင် – ကွယ်လွန်)၊ ကိုမြသန်းစံ၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွက်၊ ဗိုလ်မှူးမြင့်အောင်တို့လို စာရေးဆရာ၊ တေးရေးဆရာ၊ ဒါရိုက်တာများနှင့် ဆုံခဲ့သည်။

နဝတ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ရုံးတွင်လည်း ညဂျူတီ ဝင်ရောက်တာဝန်ထမ်းဆောင်ရသဖြင့် စာရေးဆရာ သုခိအောင်၊ ဦးသိန်းစိန် [ဒုတိယဝန်ကြီး (ငြိမ်း)–ကွယ်လွန်]၊ ဗိုလ်မှူးကြီး ရဲထွဋ်၊ တက္ကသိုလ်မြတ်သူ အစရှိသော စာရေးဆရာကြီးများ၏ ဆောင်းပါးများကို လေ့လာဖတ်ရှုခွင့်ရခဲ့သည်။ ယင်းကဲ့သို့သော စေ့ဆော်မှုများ ပေါင်းဆုံသွားမှုကြောင့် လွယ်မော်လက်နက်ကိုင်အဖွဲ့ကို တရားဥပဒေဘောင်အတွင်း ဝင်ရောက်ကြရန် ဖိတ်ခေါ်ထားသည့် "လက်ကမ်း၍ကြိုပါမည်" ဆောင်းပါးတစ်ပုဒ် သန္ဓေတည်ပေါက်ဖွားလာခြင်း ဖြစ်ပါသည်။

ဆက်လက်ရေးသားခဲ့သော **"အလင်းစကားကြားနိုင်ပါစေ"** ဆောင်းပါးသည်လည်း လွယ်မော်အဖွဲ့ကိုပဲ ရည်ညွှန်းခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ ကြိုးပမ်းမှု၊ ဒေသခံပြည်သူလူထု၏ ငြိမ်းချမ်းရေးလိုလားမှု၊ လွယ်မော်အဖွဲ့အစည်း၏ ယုံကြည်မှုတို့ကြောင့်ပဲ ဖြစ်ပေလိမ့်မည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် MTA လွယ်မော်အဖွဲ့သည် အင်အား ၁၄၀၀၀ ကျော်ဖြင့် အကြွင်းမဲ့လက်နက်စွန့်ခဲ့ကြသည်။ သူတို့လက်နက်စွန့်ချိန်မှာ ကျွန်တော်လည်း တပ်မတော်သားဘဝမှ နယ်ဘက်ဝန်ထမ်းဘဝသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ချိန်နှင့် တိုက်ဆိုင်နေသည့်အပြင် ပထမဆုံးသွားခဲ့ရသည်က ကိုးကန့်နှင့် 'ဝ'ဒေသ၊ ဒုတိယသွားခဲ့ရသည်က ဟိုမိန်းဒေသဖြစ်လို့ နေပါတော့သည်။

ကျွန်တော်တို့ ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ဟိုမိန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေးမှအစ လဝကလုပ်ငန်းများ၊ ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများအဆုံး အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။ ဤလုပ်ငန်းများကို ရည်ညွှန်းဖော်ပြ၍ နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်စေရန်အတွက်လည်း ဆောင်းပါးတစ်ပုဒ် ထပ်မံရေးသားဖြစ်ခဲ့သည်။ ဆောင်းပါးအမည်ကတော့ **"ကမ်းသောလက်များ၏စေတနာ"** ဟူ၍ပါတည်း။

### ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ကြစေလို

နိုင်ငံတော်ဖြတ်သန်းခဲ့သော အတိတ်သမိုင်းမှ သင်ခန်းစာများကိုရယူ၍ အနာဂတ်ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ထောင်သွားရမည်ဖြစ်သော်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေခဲ့ပါသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။

သို့ဖြစ်၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ကြရေး နိုင်ငံတော်အစိုးရက အကြိမ်ကြိမ် အသိပေးထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်၍ ဝင်ရောက်လာကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကိုလည်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံလျက်ရှိကြောင်း တွေ့ရသည်။



သီတာချောင်းကူးတံတားတည်ဆောက်မည့်နေရာတွင် တွေ့ဆုံခွင့်ရခဲ့သော ဖက်စလက်၊ ကွင်းကလေးကျေးရွာမှ ရွာသူရွာသားများ။

- **နိုင်ငံတော်အစိုးရက မည်သို့ပင် စိတ်ကောင်းစေတနာထားစေကာမူ ခံယူသူတို့ဘက်က စိတ်ရင်းစိတ်ထား မှန်ကန်စွာထားဖို့ ပျက်ကွက်မည်ဆိုပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်မဟုတ်ပေ**
- **ရောဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့ အနေဖြင့် စစ်၏အနိဋ္ဌာရုံများ၊ ဆိုးကျိုးများကို ရှေးနှစ်ပေါင်းများစွာကတည်းက ခံစားခဲ့ကြရဖူးပြီ ဖြစ်သည်။ ဒေသခံပြည်သူတိုင်း တည်ငြိမ်အေးချမ်းမှုကို လိုလားကြသည်။ သို့ဖြစ်ပေရာ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏အကျိုး၊ မိမိတို့ တိုင်းရင်းသားများအကျိုး၊ ဒေသအကျိုးတို့အတွက် မှန်ကန်သော အယူအဆ၊ အသိတရားများတိုးပွားကာ ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်လာကြရန် တိုက်တွန်း**

### တိုင်းရောအတွင်း ကျွန်တော်ကြုံခဲ့ဖူးသော စစ်ဆင်ရေးကြီးများ

အဘ ဗိုလ်မှူးချုပ် သန်းတင်၊ ဒုတိယဝန်ကြီးချုပ် (ငြိမ်း)၏ အမျိုးသားစာပေဆုရ "ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ်ကို လေ့လာဖတ်ရှုလိုက်လျှင် မိမိတို့ ရောဝတီတိုင်းဒေသကြီးအတွင်း တစ်နည်းပြောရလျှင် မြစ်ဝကျွန်းပေါ်ဒေသအတွင်း ၁၉၄၈ ခုနှစ်မှစတင်၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လှုပ်ရှားမှုများ၊ ၁၉၅၆ ခုနှစ်တွင် ဗကပရောဝတီတိုင်းနှင့် KNU တို့ ပူးပေါင်း၍မဒညတဖွဲ့စည်းခဲ့မှုများ၊ ၁၉၆၈ ခုနှစ် မြစ်ဝကျွန်းပေါ် တိုင်းတည်ထောင်ရေးစီမံချက် ချမှတ်ဆောင်ရွက်ခဲ့သည့် ဗကပ၏အစီအမံများ၊ ဗိုလ်မှူးချုပ် သန်းတင် တပ်မ (၈၈) ဗျူဟာမှူးဘဝဖြင့် ၁၉၆၇ ခုနှစ်တွင် မြောင်းမြခရိုင် သလ္လာခွင်အတွင်း စစ်ဆင်ရေးချေမှုန်းခဲ့မှုများ၊ ၁၉၇၁ ခုနှစ်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တာဝန်လက်ခံပြီးနောက် ရွှေလင်းယုန်၊ မိုးဟိန်း စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲခဲ့မှုများ၊ တိုင်းလုံးအောင်နှင့် ရောမင်းစစ်ဆင်ရေးများ၊ ပြည်ပြေးများ ဝင်ရောက်လာမှုကို ချေမှုန်းခဲ့သည့် ထော်ပိုင် စစ်ဆင်ရေး(၁၉၇၂) တို့ကို ဆင်နွှဲပြီးနောက် ဖြတ် (၄) ဖြတ် စစ်နည်းဗျူဟာဖြင့် ရောဝတီတိုင်းတစ်ခုလုံး ဗကပကင်းစင်သည့် အဖြူရောင်နယ်မြေဖြစ်အောင် ဆောင်ရွက်ခဲ့မှုများကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

အဘ ဗိုလ်မှူးချုပ်သန်းတင်သည် ၁၉၇၄ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ နတခတိုင်းမှူးတာဝန်ထမ်းဆောင်ပြီးနောက် လပခတိုင်းမှူးတာဝန် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး အောင်စိုးမိုးစစ်ဆင်ရေးဖြင့် ပဲခူးရိုးမတစ်ခုလုံး ရောင်စုံသောင်းကျန်းသူ တစ်ယောက်မျှမကျန်အောင် ရှင်းလင်းချေမှုန်းခဲ့သည်။ ယင်းနောက်သတ္တုတွင်းဝန်ကြီးဌာန၏ဒုတိယဝန်ကြီး၊ ဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ စစ်ဆင်ရေးကြီးများ ဆောင်ရွက်နေချိန်သည် ကျွန်တော်တို့မူလတန်း၊ အလယ်တန်း ကျောင်းသားအရွယ် အချိန်ကာလဖြစ်ပါသည်။

### ဒေသခံတို့၏ မှုန်ဝါးသွားသောအိပ်မက်များ

အထက်ပါစစ်ဆင်ရေးကြီးများ ဆင်နွှဲပြီးနောက် ရောဝတီတိုင်းတစ်ခုလုံး အေးချမ်းခဲ့သည်မှာ နှစ်ပေါင်း ၅၀ မက ရှိခဲ့ပေပြီ။ တည်ငြိမ်အေးချမ်းမှုအရသာကို ကျွန်တော်တို့ အပြည့်အဝ ခံစားခဲ့ကြဖူးပြီ။ ယင်းသို့နေလာရာမှ ၂၀၂၄ ခုနှစ်တွင် သာပေါင်းမြို့နယ်အတွင်းက မကျီးစင်၊ ဘောမိတစ်ဝိုက်မှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သည်။ ကျွန်တော့်ဇာတိဖြစ်သော လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ် အနောက်ဘက်ခြမ်းဒေသများမှာ ၂၀၂၅ ခုနှစ် မတ်လ ၁၆ ရက်နေ့မှစ၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားခဲ့သည်။ AA အကြမ်းဖက်အဖွဲ့နှင့် ဒေသခံ PDF များ ပူးပေါင်းဝင်ရောက်လာသဖြင့် တပ်မတော်က ပြန်လည်ရှင်းလင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရသည်။ ယင်းကဲ့သို့ အကြောင်းတရားများကြောင့် လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသများ၊ ရေကြည်မြို့နယ် အစပ်၊ အင်္ဂပူမြို့နယ်အစပ် နေရာများတွင် ဆောင်ရွက်ပေးရန် လျာထားခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအားလုံး ရပ်ဆိုင်းသွားခဲ့သည်။



ဆင်ဖိုးထွန်း၏ မြေးများနှင့်အမှတ်တရ။

စာမျက်နှာ ၇ သို့ ❖

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကချင်မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု အဆို၊ အက နှီးနှောဖလှယ်ပွဲ တက်ရောက်အားပေးချီးမြှင့်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းချုပ် (WHG)က ကြီးမှူး၍ အမျိုးသမီးကော်မတီနှင့် လူငယ်ကော်မတီတို့က ပထမဆုံးအကြိမ်အဖြစ် ဦးစီးကျင်းပသော ကချင်တိုင်းရင်းသားမျိုးနွယ်စုများ အလိုက် ရိုးရာယဉ်ကျေးမှု အဆို၊ အက နှီးနှောဖလှယ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂ္ဂါယ်ခန်းမ၌ ကျင်းပသည်။



ရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ အတွင်းရေးမှူး ဦးခင်မောင်လွင်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ် (WHG) မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ် (WHG) အနေဖြင့် ယခုကဲ့သို့ ရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲကို ကျင်းပပေးခြင်းအားဖြင့် ကချင်တိုင်းရင်းသား မျိုးနွယ်စုများအကြား တစ်ဦးနှင့် တစ်ဦး၊ တစ်စုနှင့် တစ်စုချစ်ခင်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာစေရုံသာမက အနာဂတ်တွင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ပိုမိုခိုင်မြဲလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့၏ မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုများကို လူငယ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းရာရောက်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားများအားလုံးနှင့် ရင်းနှီးချစ်ခင်စွာနေထိုင်ခြင်းဖြင့် မိမိတို့ပြည်နယ်နှင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ပြီး ကချင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူ၊ ရဝမ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ မျိုးနွယ်စုများအလိုက် ဒေသ၏ အလှအပ၊ မျိုးနွယ်စုများ ဆင်းသက်လာပုံ သမိုင်း၊ မျိုးနွယ်စုများ၏ အထင်ကရအထိမ်းအမှတ်နေရာများနှင့် အမှတ်တရများကို ဖော်ကျူးရေးစပ်သီကုံးထားသော တေးသီချင်းများ၊ အကအလှများဖြင့် သရုပ်ဖော်တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရဲတင့် ချင်းပြည်နယ်နှင့် ကလေးမြို့တို့ရှိ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့၌ ချင်းပြည်နယ်နေ့ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးနှင့်အတူ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားကာ အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ပြန်ကြားရေး ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကို မှာကြားကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကချင်ပြည်နယ်အတွင်းရှိ အသင်းဝင်စေတနာ့ဝန်ထမ်းများအား (HI-MNCH) စီမံချက်သင်တန်းပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) မှ ကချင်ပြည်နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် စေတနာ့ဝန်ထမ်းများ High Impact Maternal, Newborn and Child Health Project (HI–MNCH) စီမံချက်သင်တန်းကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ရှိ Hotel MEDIRA အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ခြောက်ခရိုင်မှ အသင်းဝင် စေတနာ့ဝန်ထမ်း ၃၀ တို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံချက်လုပ်ငန်းစဉ်များပါ အချက်များနှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သင်တန်းသား စေတနာ့ဝန်ထမ်းများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

**သင်ကြားပို့ချပေး**

ယင်းနောက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည့် စီမံချက်ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သင်ခန်းစာများကို ပြည်နယ်အတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ အသင်းဝင် စေတနာ့ဝန်ထမ်း ၃၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကချင်ပြည်နယ် ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အသင်းဗဟို ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြစ်ကြီးနား မြို့နယ်အတွင်းရှိ သားဖွားခန်း နှစ်ခန်းအတွက် ငွေကျပ် လေးသိန်းကို ပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

ထင်သာမြင်သာ လုပ်ငန်းနှစ်ခုကိုသာ ဥပမာပြလိုပါသည်။ လေးမျက်နှာမြို့နယ် နင်းကြမ်းကျေးရွာအထိ ရောက်ရှိနေပြီဖြစ်သော မဟာဓာတ်အားလိုင်းကို ယင်းနေရာမှ ၄ မိုင် ၆ ဖာလုံ အကွာအဝေးရှိပန်းတောကြီးကျေးရွာသို့ ဆက်လက်သွယ်တန်းရန် ယခုဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရက ခွင့်ပြုထားပြီးဖြစ်သည်။ နယ်မြေ တည်ငြိမ်အေးချမ်းမှုမရှိ၍ လုပ်ငန်းဆောင်ရွက်ခွင့် မရတော့ပေ။ ပန်းတောကြီးကျေးရွာ မီးရလျှင် လမ်းတစ်လျှောက် ကျေးရွာများနှင့် ပုသိမ်–မုံရွာ ကားလမ်းပေါ်က ကျေးရွာများ မီးရဖို့ မဝေးတော့ပြီ။ ယခုမူကား မျှော်လင့်ချက်အိပ်မက်တို့ အကောင်အထည်ပေါ်လာဖို့ စောင့်ရပေဦးမည်။

နောက်ထပ်အိပ်မက်တစ်ခု။ ကျွန်တော်တို့ငယ်စဉ်က အလယ်တန်းစကားပြေထဲမှာ သင်ခဲ့ရသည့် ဆင်ဖိုးထွန်း၏ ဇာတိဖြစ်သော အနောက်ရိုးမတောင်ခြေရှိ ဖက်စလက်၊ ကွင်းကလေးကျေးရွာများအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ပုသိမ်–မုံရွာ ကားလမ်းမကြီးသို့ ကူးလူးဆက်သွယ်နိုင်ရန် ပန်းပုကွင်းကျေးရွာအနီး၌ သီတာချောင်းကူးတံတား တစ်စင်း ပေါ်ပေါက်လာရေး မျှော်လင့်တောင့်တလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ နီးပါးရှိခဲ့ပြီ။ ယခုဘဏ္ဍာနှစ်တွင် ပေ ၃၀၀ တံတားကြီးတစ်စင်း တည်ဆောက်ပေးရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားခဲ့၊ တိုင်းတာခဲ့၊ နေရာသတ်မှတ်ခဲ့ပြီးဖြစ်သည်။ ထိုနေရာသည်လည်း တည်ငြိမ်အေးချမ်းမှုမရှိ၍ ဒေသခံတို့၏ အိပ်မက်များ မှုန်ဝါးသွားခဲ့ရသည်။ နိုင်ငံတော်အစိုးရက မည်သို့ပင် စိတ်ကောင်းစေတနာထားစေကာမူ ခံယူသူတို့ဘက်က စိတ်ရင်းစိတ်ထား မှန်ကန်စွာထားဖို့ ပျက်ကွက်မည်ဆိုပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်မဟုတ်ပေ။

**အသိတရားများ နိုးကြားစေလို**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်းခွဲ၍ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ မကြာမီလွှတ်တော်များ ကျင်းပတော့မည်၊ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာတော့မည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်ကြရန် ဖြစ်ပါသည်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အချို့အနေဖြင့် စစ်၏ အနိဋ္ဌာရုံများ၊ ဆိုးကျိုးများကို ရေးနှစ်ပေါင်းများစွာကတည်းက ခံစားခဲ့ကြရဖူးပြီဖြစ်သည်။ ဒေသခံပြည်သူတိုင်း တည်ငြိမ်အေးချမ်းမှုကို လိုလားကြသည်။ သို့ဖြစ်ပေရာ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ မိမိတို့ တိုင်းရင်းသားများအကျိုး၊ ဒေသအကျိုးတို့အတွက် မှန်ကန်သော အယူအဆ၊ အသိတရားများတိုးပွားကာ ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်လာကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်သည် မြစ်ကြီးနားမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့အပါအဝင် မြန်မာနိုင်ငံရှိ လေဆိပ်များရှိရာ အခြားမြို့ကြီးများသို့ ဆက်သွယ်သွားလာ ပျံသန်းလျက်ရှိပြီး ကချင်ပြည်နယ်ရှိ လေဆိပ်များအနက် ကုန်သွယ်ရေးနှင့် ခရီးသည်ဝန်ဆောင်မှုသွားလာရေးအတွက် အဓိကကျအရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည့် လေဆိပ်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဖုံးစထိမှန်ပျက်စီးခဲ့ပြီး လေယာဉ်ခရီးစဉ် ရပ်နားခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူအသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု တစ်ရပ်လုံးကပါ လုံးဝ လက်ခံနိုင်ခြင်းမရှိဘဲ စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိသည်။

ထို့ပြင် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူ ဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာ ရှီအာဟ်မွတ်ဆလင်မ် ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့ကလည်း ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်ထိခိုက်ပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မြစ်ကြီးနားလေဆိပ်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန်ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် FPV Suicide Drone များဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား မိမိတို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန်ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ယင်းကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အသိဉာဏ်နည်းပါးပြီး ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝ လက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)ကလည်း လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါသည့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ် ကြားသိရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရသည့်အတွက် ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ ထိုသို့ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသည့်နေရာများကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအနေဖြင့်လည်း လုံးဝလက်မခံပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

၂၁-၂-၂၀၂၆

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်သတင်းကို ကြားသိရပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်း လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်အား သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါလ ၂၁ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV suicide drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်သတင်းကို ဝမ်းနည်းဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက်များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIAအဖွဲ့နှင့်PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့က Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၂၁-၂-၂၀၂၆)

၁။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ခရီးသည်တင်လေယာဉ်တစ်စင်းအား Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်မှုအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယမန်နေ့ညပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အရပ်ဘက်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းသိရှိရပြီး ခရီးသွားပြည်သူများ ထိခိုက်သေဆုံးမှု မရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

(၂၁-၂-၂၀၂၆)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်

စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာ ရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက Drone များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား တစ်နိုင်ငံလုံးရှိ ပြည်သူများက စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိသည့်အပြင် မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာ အပ်ပါသည်။

**မြန်မာ ရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့

(၁) KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် မြစ်ကြီးနားလေဆိပ်၌ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များ အသုံးပြု၍ ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား မြစ်ကြီးနားလေဆိပ်၌ ရပ်တန့်ထားစဉ် KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့က ယမန်နေ့ညတွင် Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

ရက်စွဲ - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်

KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန် ရည်ရွယ်၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီလ (၁၂) ရက်နေ့က FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ (၂၀)ရက်နေ့၊ ည ၈ နာရီ ၁၂ မိနစ်တွင်လည်း မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ (ATR – 72 – 600)အမျိုးအစား ခရီးသယ်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ခရီးသွားပြည်သူများ သေဆုံးဒဏ်ရာရစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့သည်။

ထိုသို့ စစ်ဆင်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ကာ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကိုကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရွာတိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ ဒုံးများအသုံးပြု၍ Drone Bombများဖြင့်တိုက်ခိုက်ခြင်းများကို အကြမ်းဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR–72–600အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လေယာဉ်အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရပါသည်။

၃။ ဤလုပ်ရပ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေမည့်ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိ ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

ဖေဖော်ဝါရီလ ၂၀ ရက်၊ ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR–72–600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြုပြီး ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)



မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မီးသတ် ဦးစီးဌာန မြို့နယ်မီးသတ် ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ် ခတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆောင်ရွက်စဉ်။

ချမ်းမြေ့မောင်(ချမ်း/စံ)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”

“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

# ပဲခူးတိုင်းဒေသကြီး လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းဒေသကြီးဖြစ်၍ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ခြင်းကို ဦးစားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်လယ်ယာသုံးစက်ကိရိယာများ ထပ်မံတီထွင်ထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် အရင်းအနှီး မတည်ငွေများ တိုးတက်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီး လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်းဖွဲ့စည်းပေးနိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လယ်ယာသုံးစက်ကိရိယာရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့အပေါ် လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး စီးပွားရေးရာဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ခဲ့သည့် လယ်ယာသုံးစက်ကိရိယာများကို စုစုပေါင်းငွေကျပ် ၅၇၁၈ သိန်းကျော် ရောင်းချရမှု၊ မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကဏ္ဍအလိုက် အသေးစား၊ အလတ်စား လယ်ယာသုံးစက်ကိရိယာများ တီထွင်ထုတ်လုပ်နေမှုနှင့် လိုအပ်သည်များကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၀၂) ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် သီးနှံများအထွက်နှုန်းတိုးတက်စေရေးအတွက် ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက်/သတ္တဝါများ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၁၀၂)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC) ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အွန်လိုင်းမှ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သီးနှံများအထွက်တိုးရေးအတွက်ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက် / သတ္တဝါများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ပျားနှင့် အင်းဆက်ပိုးမွှားများသည် စိုက်ပျိုးသီးနှံများ၏ ဝတ်မှုန်ကူးမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ယင်းတို့၏ ဝတ်မှုန်ကူး ဆောင်ရွက်မှုကြောင့် သီးနှံအထွက်နှုန်းများ သိသိသာသာ တိုးတက်လာကြောင်း၊ ယနေ့တွင် ပညာရှင်များက ပျားနှင့် အင်းဆက်/သတ္တဝါများ၏ ဂေဟစနစ်အတွင်း အရေးပါမှုနှင့် စိုက်ပျိုးရေးထွက်ကုန် တိုးတက်ရေးအတွက် မည်ကဲ့သို့အထောက်အကူပြုကြောင်းတို့ကို ဆွေးနွေးမျှဝေသွားမည် ဖြစ်သည့်အတွက် သေချာစွာ လေ့လာမှတ်သားပြီး သိလိုသည်များကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး တက္ကသိုလ် ကိတ်ကိလဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ခင်မိမိက "သီးနှံအထွက်တိုးဖို့ ပျားနှင့် အင်းဆက်များထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒေါက်တာလှိုင်မင်းဦးက "တောင်သူအကျိုးပြု ပျားမွေးမြူရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ကိတ်ကိလဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဖြူဖြူစမ်းက "သီးနှံများအထွက်နှုန်း တိုးတက်စေရန် ဝတ်မှုန်ကူးပေးသော အင်းဆက်ပိုးများနှင့် အခြားသတ္တဝါများ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ စိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူစုစုပေါင်း ၁၁၅ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေး ပညာရှင် ၁၅၀ တို့ကလည်း Zoom Point ၁၀၀ မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲကို ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေးဆောင်ပုဒ်ဖြင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက လူငယ်ဖိုရမ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်ကြသည့် လူငယ်အချင်းချင်း ဆွေးနွေးမှုမှရရှိလာသည့် အတွေ့အကြုံများ၊ အသိပညာများကို ပြန်လည်မျှဝေကာ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကဏ္ဍများ၊ ငြိမ်းချမ်းရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ငြိမ်းချမ်းသောအနာဂတ်နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)တွင် အုပ်ချုပ်သူအဖြစ် သွားရောက်ခဲ့သူတစ်ဦးက အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆)တွင်ပါဝင်ခဲ့သော ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လူငယ်ကိုယ်စားလှယ်လေးဦးက ဖိုရမ်တွင် ဆွေးနွေးခဲ့သော ခေါင်းစဉ်ကြီးလေးခုကို ပြန်လည် မျှဝေပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အထည်ချုပ်စက်ရုံများ မီးဘေးလုံခြုံရေး အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မီးသတ်ဦးစီးဌာနမှ (၃၄)ရပ်ကွက် ဦးဝိစာရလမ်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်အတွင်းရှိ အထည်ချုပ်စက်ရုံများဖြစ်သော Nine Stars၊ SV နှင့် ACP (အထည်ချုပ်)စက်ရုံ သုံးရုံအား မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အထည်ချုပ်လုပ်ငန်းပိုင်ရှင်၊ တာဝန်ခံများနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးက အသိပညာပေးပြောကြားပြီး စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ လုပ်ငန်းပိုင်ရှင်၊ တာဝန်ခံများနှင့်အတူ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ရီ**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ရန်ကုန်တိုင်းဒေသကြီး၌ ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးအဆင့် အသိပညာပေး ဆွေးနွေး



ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီးတွင် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေကြသည့် ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အသိပညာပေးဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြကာ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video အား ပြသခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးဦးထိန်လင်း အောင်ဆန်းအားကစားပြိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း ပွဲကြည့်စင်များရှိ ပျက်စီးနေသော အဆောက်အအုံများ၏ လက်ရှိအခြေအနေ၊ ဘော်လီဘောအားကစားရုံ၊ တိုက်ကွမ်ဒိုအားကစားရုံ၊ အလေးမအားကစားရုံ၊ စားရိပ်သာနှင့် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ လျာထားသတ်မှတ်ထားသည့် အပိုင်းလိုက် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသ ကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ / ခရိုင် တရားသူကြီးများ၏ အကြိမ်(၃၀)မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့တွင် ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**






# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် အကြိမ်(၃၀) မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဌေးမြင့်အေးက အကြိမ်(၃၀) မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှာကြားချက်များ၊ အင်တာနက်လုံခြုံရေးနှင့် အချက်အလက်လုံခြုံရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များ၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ၊ ဦးတည်ချက်များနှင့် ဌာနက ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရာထမ်း၊ အမှုထမ်းများအားလုံးကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသော ဒေါ်ညိုမီစံ၊ ဒေါက်တာအောင်သီဟနှင့် ဒေါ်ခိုင်ခိုင်မျိုးတို့က ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များနှင့် မွန်ပြည်နယ်တရားရေးဦးစီးမှူး ဦးသိန်းထိုက်ဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်၊ ရုံးလုပ်ငန်းဆိုင်ရာများ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေး စခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ် (၁) စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ်ခွန်ကောက်ခံမှုဆိုင်ရာ ဥပဒေတစ်ရပ်ကို အမေရိကန်တရားရုံးချုပ်က ပယ်ချ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကမ္ဘာလုံးဆိုင်ရာ စည်းကြပ်ခွန်ကောက်ခံမှု ဥပဒေတစ်ရပ်ကို အမေရိကန် တရားရုံးချုပ်က ယမန်နေ့တွင် ပယ်ချခဲ့သည်။

တရားရုံးချုပ်၏ စီရင်ချက်ချမှုသည် အလွန်စိတ်ပျက်စရာကောင်းကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

တရားရုံးအဖွဲ့ဝင်အချို့က နိုင်ငံတော်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန် သတ္တိမရှိသည့်အတွက် ရှက်မိပါကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အခွန်စည်းကြပ်ရန် ပြည်ထောင်စုအရေးပေါ်ဥပဒေတစ်ရပ်အား တင်သွင်းရာတွင် သမ္မတထရမ့်၏လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ပြီး လုပ်ဆောင်ခြင်းဖြစ်ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။ International Emergency Economic Powers Act ဟု အမည်ပေးထားသည့် ဥပဒေကို တရားသူကြီး ကိုးဦးအနက် ခြောက်ဦးက သဘောမတူခဲ့ပေ။

အဆိုပါဥပဒေကို ခွင့်ပြုမည်ဆိုပါက သမ္မတထရမ့်အနေဖြင့် သွင်းကုန်နှင့်ပို့ကုန်များကို လွယ်ကူစွာ ထိန်းညှိနိုင်စေမည်ဖြစ်သည်။

မော်တော်ကားနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများအပြင် သံမဏိနှင့် အလူမီနီယံတို့ကို သီးခြားဥပဒေများ ပြဋ္ဌာန်းထားသည့်အတွက် တရားရုံးက အဆိုပါဥပဒေကို ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

အခွန်စည်းကြပ်မှုဆိုင်ရာ ၎င်းဥပဒေအပေါ် အောက်တရားရုံးများက စီရင်ဆုံးဖြတ်ပြီးနောက် အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သော တရားရုံးချုပ်က စီရင်ချက်ချမှတ်ခြင်းဖြစ်သည်။

တရားရုံးချုပ်က အဆိုပါဥပဒေအပေါ် ခွင့်မပြုသည့် စီရင်ချက်ချမှတ်ပြီးနောက် သမ္မတထရမ့်က ကုန်သွယ်ရေးအက်ဥပဒေပုဒ်မ ၁၂၂ အရ ကမ္ဘာလုံးဆိုင်ရာအခွန် ၁၀ ရာခိုင်နှုန်းကို စည်းကြပ်ရန် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ရက်ပေါင်း ၁၅၀ ကြာ အခွန်စည်းကြပ်မှုအသစ်သည် ဖေဖော်ဝါရီ ၂၄ ရက်မှစပြီး စတင်အသက်ဝင်မည်ဖြစ်သည်။

ရေရှည်အကောက်ခွန်အစီအမံများကို စောင့်ကြည့်ခြင်းဖြင့် ကုန်သွယ်ဖက်နိုင်ငံများ၏ တရားမျှတမှုမရှိသော ကုန်သွယ်မှုဆိုင်ရာ ကျင့်ထုံးများကို ကုန်သွယ်ရေးအက်ဥပဒေ ပုဒ်မ ၃၀၁ နှင့်အညီ စုံစမ်းစစ်ဆေးရန် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးအား သမ္မတ ထရမ့်က အမိန့်ပေးခဲ့သည်။

နှစ်နိုင်ငံကြားသဘောတူညီချက်အရ ဂျပန်မော်တော်ကားများ အပေါ် အခွန်နှုန်းထားသည် ၁၅ ရာခိုင်နှုန်းအထိ ရှိမည်ဖြစ်ကြောင်း အိမ်ဖြူတော်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# နာဆာက လကမ္ဘာသို့ အာကာသယာဉ်မှူးများ လိုက်ပါမည့် အာကာသယာဉ်တစ်စင်း မတ် ၆ ရက်တွင် လွှတ်တင်မည်


**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန် အာကာသအေဂျင်စီ နာဆာ (NASA) က ၎င်း၏ ဒုံးပျံစမ်းသပ်မှု အောင်မြင်ပြီးနောက် လကမ္ဘာသို့ အာကာသယာဉ်မှူးများ လိုက်ပါမည့် အာကာသယာဉ်ကို မတ် ၆ ရက်တွင် လွှတ်တင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

လကမ္ဘာကို လှည့်ပတ်ပြီး ၁၀ ရက်ကြာ စမ်းသပ်ပျံသန်းမှုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး ဂျပန်နှင့် ဥရောပတို့ ပါဝင်မည်ဖြစ်သည်။ ၎င်းအစီအစဉ်သည် Artemis လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

စမ်းသပ်ပျံသန်းမှုကို ယခုလအစောပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း နာဆာ အင်ဂျင်နီယာများက အစမ်းလေ့ကျင့်မှုတစ်ခု လုပ်ဆောင်ရာတွင် လောင်စာဆီယိုစိမ့်မှုကို တွေ့ရှိခဲ့သည့်အတွက် လွှတ်တင်မှုကို မတ်လအထိ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

နာဆာက အစိတ်အပိုင်းများကို အစားထိုးခြင်း အပါအဝင် ပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒုတိယအကြိမ် ပြန်လည်လေ့ကျင့်မှုပြုလုပ်ခဲ့သည်။ ဒုံးပျံကို အောင်မြင်စွာ ပစ်လွှတ်ခဲ့ပြီး ပျံသန်းမှုနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်မှုကို လုပ်ဆောင်ပြီးနောက် အာကာသယာဉ်ကို လကမ္ဘာသို့ လွှတ်တင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။



အဆိုပါ လွှတ်တင်မှုသည် နှစ်ပေါင်း ၅၄ နှစ်အတွင်း လူသားများ ကမ္ဘာ၏ ပတ်လမ်းမှ ကျော်လွန်၍ လကမ္ဘာဆီသို့ ပထမဆုံးအကြိမ် လွှတ်တင်ခြင်း ဖြစ်မည်ဖြစ်သည်။

နောက်ဆုံးအကြိမ်အဖြစ် အပိုလို ၁၇ မစ်ရှင်သည် ၁၉၇၂ ခုနှစ်တွင် လကမ္ဘာပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂရင်းလန်း၏သတ္တုတွင်းထွက်များကို လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း ဂရင်းလန်း သဘာဝအရင်းအမြစ်ဝန်ကြီး ပြောကြား

**နူးခ် ဖေဖော်ဝါရီ ၂၁**

ဒိန်းမတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဖြစ်သည့် ဂရင်းလန်းသည် အမေရိကန်၏ အကျိုးစီးပွားကြောင့် ၎င်း၏သတ္တုတွင်းထွက်များကို လက်လွှတ်ဆုံးရှုံးခံမည် မဟုတ်ကြောင်း ဂရင်းလန်း သဘာဝအရင်းအမြစ်ဝန်ကြီးက အခိုင်အမာပြောကြားခဲ့သည်။



သဘာဝအရင်းအမြစ် ဝန်ကြီး နာဂျာနေသန်နီဆန်က ဂရင်းလန်းမြို့တော်နူးခ်၌ အင်တာဗျူးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမျိုးသားလုံခြုံရေးအကြောင်းပြချက်များကို ကိုးကား၍ ဂရင်းလန်းအား ပိုင်ဆိုင်ရန် စိတ်အား ထက်သန်လျက်ရှိသည်။ မြေရှားသတ္တုများ အပါအဝင် ဂရင်းလန်း၏ တွင်းထွက် သယံဇာတများနှင့် ပတ်သက်ပြီး ဆွေးနွေးရန် ဆန္ဒရှိကြောင်း သိရသည်။

ဝါရှင်တန်နှင့်တွေ့ဆုံဆွေးနွေးရန် ဖွဲ့စည်းထားသည့် ဒိန်းမတ်ပါဝင်သော လုပ်ငန်းအဖွဲ့က ဂရင်းလန်း၏ သတ္တုတွင်းထွက်များနှင့် ပတ်သက်ပြီး ဆွေးနွေးမည်မဟုတ်ဘဲ အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုသာ ဆွေးနွေးမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်ဝန်ကြီး နာဂျာနေသန်နီဆန်က ပြောကြားခဲ့သည်။

ဂရင်းလန်းရှိ သတ္တုတွင်းထွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုနိုင်သော်လည်း ငြိမ်းချမ်းရေးအတွက် မည်သည့်သတ္တုမျိုးကိုမျှ လက် လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အာတိတ်ဒေသတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များရှိနေသော်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် လွယ်ကူစေရန် ရည်ရွယ်ပြီး ဂရင်းလန်းအတွက် အရေးကြီး ချမှတ်ထားသည့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စည်းမျဉ်းများကို အမေရိကန်ပြည်ထောင်စုက ဖယ်ရှားခဲ့ကြောင်း ဝန်ကြီး နာဂျာနေသန်နီဆန်က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများစွာ ရှိကြောင်းနှင့် ဂျပန်နည်းပညာသည် ဂရင်းလန်း၏ ခတ်သတ္တုနှင့် စွမ်းအင်ကဏ္ဍများကို ကူညီပေးနိုင်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နှင့် ရုရှား ရေတပ်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**တီဟီရန် ဖေဖော်ဝါရီ ၂၁**

အီရန်နိုင်ငံအပေါ် အမေရိကန်၏စစ်ရေးအရတိုက်ခိုက်တော့မည်ဟု ထင်ကြေးပေးမှုများ ကြီးထွားလာနေစဉ် အီရန်နှင့် ရုရှားတို့၏ ရေတပ်တပ်ဖွဲ့များက အိုမန်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာ မြောက်ပိုင်းတို့တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရန်တပ်မတော်၊ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ် (IRGC) နှင့် ရုရှား အထူးစစ်ဆင်ရေးအဖွဲ့များသည် စစ်ရေးလေ့ကျင့်မှုအတွင်း ပြန်ပေးဆွဲခံထားရသော သင်္ဘောကို လွှတ်မြောက်စေရန် စစ်ဆင်ရေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း အီရန်တပ်မတော်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အီရန်၏ Alvand ဖျက်သင်္ဘော၊ ဒုံးကျည်ပစ်လွှတ်သည့် စစ်သင်္ဘောများ၊ ရဟတ်ယာဉ်များ၊ ကမ်းတက်ရေယာဉ်များ၊ အထူးစစ်ဆင်ရေးအဖွဲ့များနှင့် တိုက်ခိုက်ရေးစပိဘုတ်များ ပါဝင်ကြောင်း သိရသည်။ ဗျူဟာမြောက် ရေလမ်းကို ယာယီပိတ်ထားခြင်း အပါအဝင် ဟော်မုဇ်ရေလက်ကြားတွင် IRGC စစ်ရေးလေ့ကျင့်မှုအား ယခုသီတင်းပတ်အစောပိုင်းတွင် ပြုလုပ်ခဲ့သည်။

ထိုအတောအတွင်းတွင် အီရန်သည် ၎င်း၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက်တစ်ခုရရှိရန် ၁၀ ရက်မှ ၁၅ ရက်အထိ အချိန်ယူရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ သို့သော် သဘောတူညီမှုတစ်ရပ်မရရှိပါက ဆိုးရွားသောကိစ္စရပ်များ ဖြစ်လာနိုင်ကြောင်း တီဟီရန်အား သတိပေးခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်တွင် သမ္မတထရမ့်က ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘော USS Gerald R. Ford ကို အရှေ့အလယ်ပိုင်းသို့ ဖြန့်ကျက်ထားရန် အမိန့်ပေးခဲ့ပြီး USS Abraham Lincoln နှင့် ဒေသတွင်းရှိ ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘောများကို ထပ်မံအားဖြည့်ထားကြောင်း သိရသည်။**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**





ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်) ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန် ပြင်ဆင်ထားသည့် ရှေ့တိုက်ဒုံးများအား တွေ့ရစဉ်။

■ လှည်းကူးမြို့နယ်မှ

နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ လယ်ကွင်းအတွင်း၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက ပစ်ခတ်ရန် ပြင်ဆင်ထားသည့် PC ပိုက်(အပြာ)စွပ်လျက်အနေအထားဖြင့် ရှေ့တိုက်ဒုံး ခြောက်လုံးကို တွေ့ရှိရသဖြင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဒုံးသီးများကို စနစ်တကျသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ**

အဆိုပါနေရာတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ သတင်းများနှင့် အကြမ်းဖက်လုပ်ရပ်များကို မသင်္ကာဖွယ်တွေ့ရှိပါက ယခုကဲ့သို့ သတင်းပေးပို့ခြင်းဖြင့် အများပြည်သူတို့ ထိခိုက်ပျက်စီးမည့် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်) ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန် ပြင်ဆင်ထားသည့် ရှေ့တိုက်ဒုံးများအား တွေ့ရစဉ်။

## တာချီလိတ်မြို့၌ မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနက မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိဖြို့ဖဥက္ကဋ္ဌ ဦးထွန်းနေဦး၊ မြို့မီးလင်းရေးကော်မတီအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးတို့က သင်တန်းသားများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသား ၂၀ အား စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ အားကစားလှုပ်ရှားမှုများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်တန်းကာလ ၈၅ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက လွှတ်တော်ရုံးရှိ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံအတွင်း မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး မင်းလှမြို့နယ် မီးသတ်စခန်းအား စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် မင်းလှမြို့နယ် မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မင်းလှမြို့နယ်မီးသတ်စခန်းရှိ မီးသတ်ယာဉ်/စက်များ အသင့်ဖြစ်မှု အခြေအနေနှင့် တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများ၊ လူပျိုဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်/စက်များ အစဉ်အသင့်ဖြစ်နေစေရေး၊ မြန်(၃)မြန် ဖြစ်သော မြန်မြန်သိစေရေး အတွက် ဆက်သွယ်ရေး စနစ်များ ကောင်းမွန်စေရေး၊ သတင်းလက်ဦးမှုရရှိစေရေး ဆောင်ရွက်ရန်၊ မြန်မြန်သွားနိုင်ရေးအတွက် မီးသတ်ယာဉ်/ စက်များအားလုံး လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ရှိစေရေးနှင့် မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်တိုးတက်စေရေး စဉ်ဆက်မပြတ်လေ့ကျင့်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကောင်းဆက်နိုင်**


## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။
(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အသင်းသားစုံညီ ညီလာခံ(၂၀၂၆)အခမ်းအနားနှင့် ပြခန်းများဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အသင်းသားစုံညီ ညီလာခံ(၂၀၂၆) အခမ်းအနားနှင့် ပြခန်းများ ဖွင့်လှစ်ပြသပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကုမ္ပဏီများ၏ အင်ဂျင်နီယာဆိုင်ရာထုတ်ကုန်နှင့် နည်းပညာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အသင်းသားစုံညီ ညီလာခံအခမ်းအနားကို Function Hall ၌ ဆက်လက်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၏ နှုတ်ခွန်းဆက်စကားပြောကြားသည့် Video Message ကို ဖွင့်လှစ်ပြသသည်။



ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ သဘာပတိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် နာယက ဦးခင်မောင်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ဝင်းမွန်မွန်လွင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကြည်လွင်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်များကို Constitution Committee အတွင်းရေးမှူး ဦးလှဝင်းတို့က တင်သွင်းကြရာ သဘာပတိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် နာယက ဦးခင်မောင်ကျော်က ညီလာခံတက်ရောက်လာကြသူများထံမှ အတည်ပြုချက်တောင်းခံ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသဘာပတိ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်နာယက ဦးခင်မောင်ကျော်က နိဂုံးချုပ်စကားပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အသင်းသားစုံညီ ညီလာခံ(၂၀၂၆)နှင့် ပြခန်းများဖွင့်လှစ်ပြသပွဲတွင် ကုမ္ပဏီများ၏ အင်ဂျင်နီယာဆိုင်ရာ ထုတ်ကုန်နှင့် နည်းပညာပြခန်းပေါင်း ၃၆ ခန်း ပါဝင်ပြသ၍ နည်းပညာဆိုင်ရာဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင်သင်တန်းတို့၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၁ ရက်အထိ သန်လျင်မြို့ရှိ ယင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားတွင် နေ့သင်တန်း ဝိဇ္ဇာ/သိပ္ပံ မဟာဘွဲ့ ၂၂ ဦး၊ ဂုဏ်ထူးဘွဲ့ ၃၀၊ ရိုးရိုးဘွဲ့ ၃၈၁ ဦးနှင့် အဝေးသင်သင်တန်း ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့ ၂၈၅၉ ဦး စုစုပေါင်းဘွဲ့ရမောင်မယ် ၃၂၉၂ ဦးတို့အား ပါမောက္ခချုပ်က ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်လီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၂၃ - ၂၀၂၄ နှင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ် သမဝါယမအသင်းစုချုပ်လီမိတက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် သဘာပတိ ပြည်နယ် သမဝါယမအသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်က ပြည်နယ် သမဝါယမအသင်းစုချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ သမဝါယမအသင်းများ ဖွံ့ဖြိုးရေး၊ သမဝါယမအသင်းများက သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ အသင်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး၊ သမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ (MSME)လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အမှုဆောင်ကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို အမှုဆောင်အဖွဲ့မှ ဖတ်ကြားတင်သွင်းပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက် ရယူခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ကြီးမြို့နှင့်ညောင်ရွှေမြို့နယ်တို့၌ အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်းများကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ ကျေးရွာရှိ သိန်းဇနထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းနှင့် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံ ငွေစုငွေချေးသမဝါယမအသင်းတို့မှ ဆောင်းနေကြာ ရုရှားမျိုး စိုက်ပျိုး အောင်မြင်နေမှုကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ပေါင်းစပ်ညှိနှိုင်း

